


အစုံသုပ်
ILLUSTRATED BY KO SAN 2011

## လေနဲ့မရင်း ငွေနဲ့ရင်းမည်

ဪ် ကျွန်တော့်မှာတော့ ရေးဘဝ ကုသိုလ်နည်းခဲ့လို့ ထင်ပ့ါ။ ဒီဘဝမှာ ဖြစ်ချင်တဲ့ စာနယ်ဇင်းသမားဘဝကို မရဘဲ လုံးချင်းဝတ္ထုရေး သမားဘဝကို ရရှာတယ်။

တကယ်ပြောတာပါ။ ကျွန်တော်ဟာ စာနယ်ဇင်းသမား ဘဝကို သိပ်နှစ်သက်ပါတယ်။ သူများစရိတ်နဲ့ ခရီးတွေထွက်၊ ဧည့်ခံပွဲတွေတက်။ ဟီဟိ။

တကယ့်တကယ်မှာကျ တော့ ကျွန်တော်ဟာ စာနယ်ဇင်း သမားဖြစ်ချင်လို့၊ စာနယ်ဇင်းထဲ ဝင်ခဲ့ပါလျက်၊ အဲဒီ ဘဝမှာ သက် ဆိုးမရှည်၊ မြန်မြန်စုတေခဲ့လို့ စိတ်နာပြီး လုံးချင်းဝတ္ထုတွေ တန်းစီရေးခဲ့တာ၊ အခုတော့ ပီဘိစာရေးဆရာ ဖြစ်နေပါ ရောလား။

ဒါပေမယ့် စာနယ်ဇင်း ကို စိတ်မကုန်နိုင်ဘဲ၊ စာနယ်ဇင်း သမားတွေနဲ့သာ ပေါင်းသင်းနေ တာ၊ ဒီနေ့အထိပါပဲ။

ကျွန်တော့်မှာ အပေါင်း အသင်းဆိုလို့ ရပ်ကွက်ထဲမှာ လည်း မရှိ၊ ရွာထဲမှာလည်း မရှိ။ သတိရရင် မြို့ထဲသွား၊ စာနယ် ဇင်းသမားများနဲ့သာ အမှားပေါင်း သောင်းခြောက်ထောင်ကျူးလွန်နေ ရပါတော့တယ်။

ကိုယ့်ဆီက ပေါက်ကရ တွေ သူတို့ကိုပြော၊ သူတို့ဆီက ပေါက်ကရတွေ ကိုယ်နားထောင် နဲ့ အရသာကိုရှိနေတာ။ တစ်ပတ် တစ်ခါ စနေနေ့ဆို မြို့ထဲထွက်ပြီး၊ သူတို့ကိုသာ အားကိုးရှာနေရ တာ။

အားကိုးရှာဆိုလို့ ဒီ စာရေးဖြစ်ရခြင်းအကြောင်းရင်း အခုမှစရတော့မယ်။ တခြားမှာ တော့ မသိပါဘူး။ မြန်မာနိုင်ငံ

စာနယ်ဇင်းသမားများဟာ အရေး ကြီးရင် သွေးစည်းကြပါတယ်။ ကျွန်တော် အခု အကြံပေးချင် တာ စာနယ်ဇင်းသမားများ ပို၍ ပို၍ သွေးစည်းမယ့်နည်းပါပဲ။

ယခုဆိုရင် မြန်မာ ပြည်မှာ ဂျာနယ်နဲ့မဂ္ဂဇင်းပေါင်း မြောက်မြားစွာရှိပါတယ်။ ဒါ ကြောင့် လခစားစာနယ်ဇင်းသမား များလည်း မြောက်မြားစွာရှိပါ တယ်။

အဲဒီ စာနယ်ဇင်းသမား များအားလုံးဟာဖြင့် အခက်အခဲ ဖြစ်ကြသော ပြည်သူများကို မီဒီ ယာရဲ့မျက်နှာစာမှာ အကျယ်တဝင့် ဖော်ပြပြီး အကူအညီပေးနေကြ ရပါတယ်။ ကျွန်တော်သိတဲ့ စာ နယ်ဇင်းသမားဆိုတာ လူတိုင်းဟာ ကိုယ့်ဘဝကို ကိုယ်မေ့ပြီး၊သူများဘဝကို မြှင့်တင်ပေးနေရ တာဟာ စာနယ်ဇင်းသမားဘဝ ပါပဲ။

ကိုယ်ကသာ မအောင် မြင်တာ၊ ကိုယ့်လို မအောင်မြင် သေးတဲ့သူကို အောင်မြင်အောင် ဆောင်ကြဉ်းပေးနေရတာ ဟာလည်း စာနယ်ဇင်းသမားရဲ့ ဘဝ အစစ် အမှန်ပါပဲ။ အဲဒီ လူ အောင်မြင် သွားလို့ ဘဝမေ့ပြီး ကိုယ့်ကို မသိ ချင်ယောင်ဆောင်သွားတာကို ဂုဏ်ယူစိတ်နဲ့ ကြည့်နေနိုင်တာ စာနယ်ဇင်းသမားများပါပဲ။

စာနယ်ဇင်းသမား ဆို တာ အလုပ်ကိစ္စနဲ့ အမြဲအကြွေး ကျန်နေတာလည်း သူတို့ပါပဲ။ ဒီနေ့ကိစ္စအတွက် အလုပ်ပြီးလို့ သက်ပြင်းမချနိုင်ခင်မှာ မနက် ဖြန်လုပ်ရမယ့် အလုပ်ကြွေးတွေ ခေါင်းထဲပြန်ရောက်လာရပါပြီ။

ဒါကို တချို့က ဆိုရဲ့။

''စာနယ်ဇင်းဆိုတာ၊ ငွေ နဲ့မရင်း၊ လေနဲ့ရင်းသူတွေ''

ထားလိုက်ပါတော့။

ပီတိစားပြီး အားဖြစ် နေတာ သူတို့မှ မသိတာ။

ယခု ကျွန်တော် ဆက် လက်ဆွေးနွေးမယ့် အကြောင်း အရာက စာနယ်ဇင်းသမား ဆိုတာ လေနဲ့ပဲရင်းနေတာအဟုတ်၊ ငွေနဲ့လည်းရင်းပြီး အကူအညီ ပေးနိုင်တဲ့ နည်းလမ်းပါပဲ။

ဆိုကြပါစို့။

ကျွန်တော်တို့ မြန်မာနိုင်ငံ မှာ လခစားစာနယ်ဇင်းသမား ပေါင်း ထောင်ချီရှိနေနိုင်ပါတယ်။ အဲဒီ စာနယ်ဇင်းသမားတွေရဲ့ လစာဟာလည်း အနည်းဆုံး သောင်းဂဏန်းတွေရဲ့ အထက် မှာရှိကြမှာပါ။ သူတို့ရဲ့လစာ ဟာ လည်း သောင်းဂဏန်း အထက်နဲ့ စာမူခဆိုတာလည်းရှိမှာပါ။ ဒါ ဟာ တခြားသူတွေအတွက် ဘာ မှမဟုတ်တဲ့ ကိန်း ဂဏန်းလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ကျွန် တော် တွေးမိပါတယ်။

ထောင်ချီရှိတဲ့ စာနယ် ဇင်းသမားတွေဆီက တစ်ယောက် ကို တစ်ထောင်ပဲ လစာငွေထဲက ကောက်ခံပါ။ တစ်ထောင်ကို တစ်ထောင်နဲ့မြှောက်ရင် တစ်လ ကို ငွေဆယ်သိန်း ရလာမှာပါ။ (ဒါအနည်းဆုံးပါ) တစ်နှစ်ဆိုရင် ဘယ်လောက်များရပြီလဲတွက်ကြည့် ပါ။ အယ်ဒီတာများ ဦးဆောင် ကောက်ခံရမှာပေါ့။

တစ်လကိုမှ တစ်ထောင် ဆိုတဲ့ငွေဟာ ဘယ်သူ့အတွက်မှ ဥပဒ်မဖြစ်ပါဘူး။ ဒါပေမယ့် တစ် လကို ဆယ်သိန်းဆိုတဲ့ငွေဟာ လူ တစ်ယောက်၊ ဒုက္ခဖြစ်နေတဲ့ သူ တွေကို ကောင်းကောင်းကူကယ် နိုင်တဲ့ငွေကြေးပါ။

ကျွန်တော်တို့ဆီမှာ ရှိ ပါတယ်။ အသက်အရွယ်ကြီးရင့် ပြီး ဆင်းရဲရှာတဲ့ စာနယ်ဇင်း သမားကြီးတွေပါ။ ကျွန်တော်တို့ စာနယ်ဇင်း လက်သစ်တွေက သူ တို့ကို မကူညီသင့်ဘူးလား။ ဆင်းရဲ ရှာတဲ့ စာနယ်ဇင်းသမား သား သမီးတွေ၊ ကျွန်တော်တို့ရဲ့ တစ်လ ငွေတစ်ထောင်နဲ့ ကျောင်းထားမပေး ချင်ဘူးလား။

စာနယ်ဇင်းဆိုတာ မဂ္ဂဇင်းဂျာနယ် စာမျက်နှာပေါ် ကနေပဲ ပညာပေးနေတာ မဟုတ်ဘဲ၊ ကိုယ်တိုင်ကိုယ်ကျ ပညာ ပေးနိုင်တဲ့ စာနယ်ဇင်းက တည် ထောင်မတည်သော စာသင် ကျောင်းကြီးဆိုတာကရော မဖြစ် သင့်သေးဘူးလား။

မိခင်ဖခင်က စာနယ် ဇင်းမှာ ဝင်ရောက်လုပ်ကိုင်နေပြီး ကျောင်းမထားနိုင်တဲ့ သားသမီး ရော ရှိသင့်သေးသလား။

ဒါဟာ ကျွန်တော်တို့ရဲ့ တစ်လကို ငွေလေးတစ်ထောင် စိုက်ထုတ်ရုံနဲ့ မဖြေရှင်းနိုင် ဘူးလား။

စာနယ်ဇင်းလောကထဲ ဝင်လာကြတယ်။ ထွက်သွားကြ တယ်။ ဒါပေမယ့် သူတို့ တာဝန် ထမ်းဆောင်နေတဲ့ ကာလမှာ တစ်လတစ်ထောင်သောငွေကြေး ထည့်ဝင်ဖူးတဲ့အတွက်၊ သူတို့ဒီမှာ မရှိတော့ပေမယ့် သူတို့ရဲ့ကုသိုလ် တွေက ကျန်ရစ်မနေဘူးလား။

ပြီးခဲ့တဲ့ နာဂစ်တုန်းက အဖြစ်ကိုပဲ ကြည့်ပါ။

မုန်တိုင်းဒဏ်ခံလိုက် ရတဲ့ စာနယ်ဇင်းသမား အများ အပြားပါပဲ။ သူတို့ဟာ သူတို့ကို ဘယ်သူက ကူညီကယ်ဆယ်မယ် မှန်းမသိပါဘဲ၊ သူတို့နဲ့ထပ်တူ မုန် တိုင်းဒဏ်ခံရတဲ့သူတွေကို လိုက်လံ ကူညီကယ်ဆယ်ပေးနေကြရရှာ ပါတယ်။

အကယ်၍ များ... ကျွန်တော်တို့မှာ အဲဒီ လို၊ စုဆောင်း ငွေကြေးလေးရှိရင် သူတို့ဘဝ လေး ပိုမိုအဆင်မပြေနိုင်ဘူး လား။

ယခု ဒီစာကို ဖတ်နေ ကြတဲ့ စာနယ်ဇင်းဆရာများ ခင်ဗျား။ ကျွန်တော်တို့ နာမကျန်း ဖြစ်နေသူတွေကို ကူညီနိုင် အောင်၊

ကျွန်တော်တို့ ဒုက္ခသည် တွေကို ကယ်ဆယ်နိုင်အောင်၊

ကျွန်တော်တို့ရဲ့ သား သမီးတွေကို ကျောင်းထားနိုင် အောင်၊

ကျွန်တော်တို့ တတ်နိုင်တဲ့ ငွေကြေး၊ တစ်လကို တစ်ထောင်

တည်းရယ်နဲ့စုပေါင်းပြီး အစုအဖွဲ့ လေးတစ်ခု တည်ထောင်လိုက် ကြရအောင်လား။

ကျွန်တော်တို့ စာနယ် ဇင်းဆိုတာ လေနဲ့ပဲရင်းတာ မဟုတ်ဘဲ ငွေနဲ့ပါရင်းနိုင်တဲ့ သူတော်စင်၊ သူတော်ကောင်း ဘ၀ကို ဖော်ဆောင်လိုက်ကြရ အောင်လားခင်ဗျာ။

***

## သီတင်းကျွတ်အတွေး

လူပျိုကြီးဆိုသည်မှာ...

မိုင်းကွင်းကို ဖြတ်လျှောက် ပြီး မိုင်းနင်းမိလျှင်တောင် (မိုင်း ကွဲလျှင်) နားအူမှာစိုးသည့် အတွက် နားပိတ်ထားသူ။

အပျိုကြီးဆိုသည်မှာ...

မိုင်းကွင်းထဲ ဖြတ်လျှောက် ပြီး မိုင်းများကိုယ်တိုင်က ရှောင် ကွင်းခံရသူ။

မှတ်ချက် ။ ။ သူလည်းမိုင်းနင်းမိ လျှင် နားအူမှာစိုးလို့ နားပိတ်ထားတယ်။

အပျိုကြီးဆိုသည်မှာ...

လမ်းမှာတွေ့၍ 'အပျိုကြီး'ဟု ခေါ်လိုက်ပါ။ လှည့်ကြည့်လျှင် ထိုအမျိုးသမီးသည် 'တစ်ခုလပ်' ဖြစ်ပါသည်။

လူပျိုကြီးဆိုသည်မှာ...

လမ်းမှာတွေ့၍ 'လူပျိုကြီး'ဟု ခေါ်လိုက်ပါ။ လှည့်မကြည့်လျှင် 'လူပျိုကြီး'စင်စစ် ဖြစ်ပါသည်။

လူပျိုကြီးဆိုသည်မှာ...

''မိန်းမတွေကို မယုံနဲ့''

''ဘာဖြစ်လို့လဲ''

''မိန်းမတွေက ကိုယ်လိုက် တုန်းသာပြေးတာ''

''ကိုယ်ရပ်လိုက်ရင်''

''တခြားလူတစ်ယောက်ရှေ့ သွားပြေးနေပြန်ရော''

အပျိုကြီးဆိုသည်မှာ…

''ယောကျ်ားတွေဟာ လူလိမ် တွေချည်းပဲ''

''ဘာဖြစ်လို့လဲ''

''ကြည့်လေ၊ မိန်းမတစ်ယောက် ကို ချစ်လှချည်ရဲ့၊ ကြိုက်လှချည် ရဲ့ဆိုပြီး ယောကျ်ားတွေအများ ကြီး ပြောခဲ့တယ်''

''အဲဒီ တော့''

''တကယ်တမ်းယူတော့ မိန်းမ တစ်ယောက်ကို ယောကျ်ားတစ် ယောက်ကပဲ ယူကြတယ်။ အား လုံး လူလိမ်တွေချည်းပဲ''

လူပျိုကြီးဆိုသည်မှာ…

''တောက် ဒီကောင်မလေး ငါ ကြံရင်ရသား၊ အခုတော့ ပါသွား ရှာပြန်ပြီ''

အပျိုကြီးဆိုသည်မှာ…

''အပေါ်ယံ၊ အရေပြားတစ် ထောက်လောက်ပဲ ကြည့်တတ်တဲ့ ကောင်ပဲကိုး၊ မယုံရင်ကြည့်၊ အဲဒီ ကောင်မလေးနဲ့ မကြာခင် သင်း ဒုက္ခရောက်မယ်''

အမှန်တော့၊ အပျိုကြီး၊ လူပျို ကြီးများသည်…

''အရာရာကို ပိုင်ဆိုင်နိုင်ပြီး လက်ဆုပ်လက်ကိုင် ဘာမှမပြ နိုင်သော လူစားတစ်မျိုး''

***

## အော်တတ်ရင် ရပါတယ်

''မင်္ဂလာပါ''

ထိုအသံကြားသည်နှင့် ငြိမ် သက်နေသောသူများကို လှုပ်နှိုး လိုက်သလို ခေါင်းထောင်ကုန်၏။ စောင့်မျှော်ရင်း ငိုက်မြည်းနေသူ များပင် မျက်လုံးကျယ်ကုန်၏။

''ပရိသတ်ကြီး အဆင်ပြေရဲ့ လား၊ အဆင်ပြေရင် လက်ခုပ်သံလေး ကြားချင်ပါတယ်''

ဟိုတစ်စ ဒီတစ်စ၊ လက်ခုပ် သံ ဖြိုးဖြိုးဖြောက်ဖြောက်ကြား ရ၏။

အပေါ်ထပ်မှ လူများကို လှပစွာ လက်လှမ်းပြပြီး၊

''အိုကေ အိုကေ အားလုံး အဆင်ပြေစေရမယ်''

တချို့သူများ လက်နှစ်ချောင်း ထောင်ပြသည်။

''သိတယ်၊ သိတယ်၊ အကြိုက် လေးတွေလုပ်ပေးရမှာပေါ့၊ ဟိုး ဘက်အခြမ်းက ငြိမ်နေပါလား၊ အဆင်ပြေရင် လက်ခုပ်သံလေး ကြားချင်ပါသေးတယ်''

ငြိမ်နေကြသော အခြမ်းဘက် မှ လက်ခုပ်သံ ဖြိုးတိုးဖြောက် တောက် ထွက်ပေါ်လာတော့ သူမကပြုံးပြီး

''ဒီလိုမှပေါ့၊ အားပေးနေကျ သူတွေပဲ၊ ဒီတစ်ခါ''

''...''

အော်သံတစ်ခု ကြားရသည်။ သူမက နားစွင့်ပြီး

''ဒီလိုအချိန်မှာ ဒါကိုချပြ လိုက်ရင် မိမဲတို့သေသွားမှာပေါ့၊ ဒါကိုလိုချင်ရင်နောက်ဆုံးထိစောင့် ပါ၊ အားလုံးကျေနပ်သည်အထိ ပေးဆပ်သွားမှာပါ''

သူမက ပေတစ်ရာကျယ် သော လျှောက်လမ်းပေါ် ဖွိုးဖွိုး ဖျတ်ဖျတ်နှင့် လူးလွန့်ပျော်ပါးနေ သည်။ အဝတ်အစားက ဖိုသီ ဖတ်သီပေမယ့် အသေအချာစီစဉ် ထားပုံ။

''ဒီတစ်ခါတော့ မိမဲတင်ပြ မယ့်ဟာကတော့ စတန့်ထွင်တာ မဟုတ်ပါဘူး'' တစ်စုံတစ်ခုကို လှမ်းယူလိုက် သည်။

''ဒါက ဆရာ့ရဲ့နည်းစနစ်ပါ၊ ဒါပေမယ့် ဆရာ့ရဲ့ခြေဖျားကို တောင် မမီပါဘူး၊ မိမဲရဲ့ဆရာ နာမည်ကို မပြောပြချင်တော့ပါ ဘူး၊ ပြောပြလိုက်လို့ရှိရင် ဆရာ ကသူ့ကိုယ်သူ သတ်သေသွားမှာ စိုးလို့ပါ၊ အားလုံး ကြိုက်နှစ်သက် မယ်လို့ ထင်လို့ပါ၊ အဆင်ပြေရင် လက်ခုပ်သံလေး ကြားချင်ပါတယ်''

လက်ခုပ်သံ တစ်စွန်းတစ်စ ကြားရပြန်၏ ။

သူမကတော့ ပြေးလွှားလှုပ် ရှားနေဆဲ။

''အိုကေ၊ အားလုံးကို နှုတ်ဆက် ပါတယ်၊ ပရိသတ်ကြီး''

လက်ခုပ်သံများ ကြားရပြန်၏ ။ တချို့က မချင့်မရဲ။

''အိုကေ၊ ဟိုဘက်ကို ဆက်ရ ဦးမှာမို့ သည်းခံပါ''

သူမ အားလုံးကိုနှုတ်ဆက်ပြီး ခရီးဆက်၏ ။ နောက် အသံ ကျယ်ကျယ်နှင့် အားရဝမ်းသာ အော်လိုက်သည်။

''ပဲ..ပြုတ်''

အားလုံးက သူမကိုငေးဆဲ။

နံနက်ခင်းကို လှုပ်နှိုးသွား သော သူမကတော့ ရင်ကိုကော့ ခေါင်းကိုမော့၍ တခြားလမ်းသို့ လှမ်းဝင်သွားသည်။

ပဲပြုတ်သည်ထဲမှာမှ ထူးထူး ခြားခြား ပါဖော့မန့်အသစ်နှင့် ရောင်းချတတ်သော သူမကို ရပ်ကွက်အတွင်းမှလူများ ငေး မောဆဲ၊

''အဆင်ပြေရင် လက်ခုပ်သံ လေးကြားချင်ပါတယ်''

သူမအား လက်ခုပ်တီးခေါ် လိုက်သည်နှင့် ပဲပြုတ်က ရောက် ပြီးသား။ တချို့ကလည်း နှစ်ရာ ဖိုး လိုချင်ကြောင်း၊ လက်နှစ် ချောင်း ထောင်ပြရသည်။

သူ၏ ဆရာဖြစ်သူ တီထွင် ထားသော ဖော်မြူလာအသစ်နှင့် ပဲပြုတ်ကို ဆော်ဒါများများနှင့် ပြုတ်ထားသည်ကိုလည်း ဂုဏ်ယူ စွာ ထုတ်ရောင်းတတ်သည်။

သို့သော် လူကြိုက်များလှ သော ပဲကတ္တီပါပြုတ်ကိုတော့ ဘယ်တော့မှ ဆောလျင်စွာ ထုတ် မရောင်း၊ နောက်ဆုံးကျမှ နောက် ဆုံးပိတ်အိတ်နှင့်လွယ် ထုတ်ရောင်း တတ်ပေသည်။ ပဲကတ္တီပါပြုတ် ရောင်းပြီး သူမ ပဲပြုတ်ကုန်ပြီ။

သို့သော် မည်သူမျှ သူမကို မငြိုငြင်။ နံနက်စောစောစီးစီး

''ပရိသတ်ကြီး မင်္ဂလာပါ''

ဆိုသည့်အသံနားစွင့်ကြဆဲ။

''အဆင်ပြေရင် လက်ခုပ်သံ လေး ကြားချင်ပါတယ်''

ဆိုသောစကားနောက် သူမ ကိုခေါ်သော လက်ခုပ်သံများ ကြားရဆဲ။ သူ့ခေတ်ကိုး။

***

# ဝါကျွတ်

ဥပမာဗျာ...

ဒီဝါကို ကျွန်တော်ချွတ်မှ ကျွတ်တယ်ဆို ထားပါတော့။

ဝါကျွတ်တာ အခုမှကျွတ် တာမဟုတ်ပါဘူး။ ကမ္ဘာဦးကတည်း က ဝါကနှစ်စဉ် သူကျွတ်ချိန်တန် ရင် ကျွတ်တာပါပဲ။ အခုမှဗျာ၊ ကျွန်တော့်ကို လာလာပြီးမေးနေ ကြတယ်။ တစ်နှစ်လည်းမဟုတ်၊ နှစ်နှစ်လည်းမဟုတ်။ ကြာတော့လည်း တင်းလာပြီ။

ဘယ်သူဖြစ်ဖြစ် ဒီအချိန်ဆို ကျွန်တော့်ကို ဒီမေးခွန်းပဲ လာမေးတယ်။

''ဝါကျွတ်ပြီနော်၊ ဘယ့်နှယ်လဲ''

ကျွန်တော်ပြောခဲ့ပြီးပြီ။ ဝါက သူ့ဘာသာသူ ကျွတ်ချိန်တန်လို့ ကျွတ်တာ။ ဝါကျွတ်တာနဲ့ ကျွန်တော်နဲ့ ဘာဆိုင်လဲဗျာ။

သူ့ဘာသာသူ ဝါကျွတ်တာ ကျွန်တော်က ဘာအနေရအထိုင်ရခက် ဖြစ်စရာလိုလဲ။

ကဲ ကျွန်တော် ဘာကြောင့် ဝါအကျွတ်ကို စိတ်မဝင်စားလဲ ရှင်းပြမယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအရ ဝါကျွတ်တာနဲ့ အာဝါဟဝိဝါဟ ကိစ္စ ပြန်စလို့ရပြီ သဘောသက် ရောက်ပြီးသကာလ လင်ခန်းမယား ခန်းကိစ္စများ ဆောင်ရွက်ကြတာ ကိုးဗျ။

ဘယ်သူမဆို ဒီကိစ္စဆိုတာ တိုးတိုးတိတ်တိတ် ကြိတ်ကြံ လည်းရပါတယ်။ အခုတော့မဟုတ် ပေါင်ဗျာ။ မင်္ဂလာတွေ အကြီး အကျယ်ဆောင်၊

လူသိရှင်ကြား တွေလုပ်။

မင်္ဂလာဆောင်တာ မပြော လိုပါဘူး။ ဆောင်နိုင်လို့ဆောင်တာ ဆောင်ကြပါ။ ဒါပေမယ့်

''ကျွန်တော်ကျွန်မတို့လေ ဟီးဟိ လူကြီးစုံရာကို အသိပေး ပြီးပြီနော် ဟီးဟိ''

ဆိုတဲ့ရုပ်ကြီးတွေကို အမြင် ကတ်တာ။ ကဲဗျာ ဒါပြီးဘာဖြစ် မယ်ဆိုတာ လူတိုင်းသိပါတယ်။

''ဟဲ့ နင်တို့အားလုံးတွေ့ တယ်မဟုတ်လား၊ ငါနဲ့ဟောဒီလူ ကြီးလေ၊ ဟီးဟိ''

ထားဦး။ ဒါက အကြင်လင် မယားဖြစ်ကြောင်း အသိပေးတာ၊ သည်းခံလို့ရသေးတယ်။ သတို့သား၊ သတို့သမီး အိပ်ခန်းထဲ ဝင်ရင် ရွှေကြိုးငွေကြိုးတွေ တားပြီးခဲဖိုး ဆိုတာ တောင်းသေးတယ်။ သဘော ကတော့..

''နင်တို့နှစ်ယောက် ပိုက်ဆံမှ မပေးရင် ဒီအခန်းထဲ ပေးမဝင်ဘူး''

ပေးမဝင်တော့ ဘာဖြစ်လဲ။ အပြင်မှာအိပ်လို့ရတာ ပဲ။ အဲဒီ လို မဟုတ်ဘူး။

''သိပါတယ်၊ ရော့ ရော့ မုန့် ဖိုး''

ဇာတိုက်နေတာဗျ။ အဲဒီ အခန်းထဲဝင်ဖို့က ဈေးအကြီးဆုံး။

အေးဗျာ။ ဒီအထိသည်းခံလို့ ရသေးတယ်။

မင်္ဂလာအိပ်ခန်းတဲ့။

ဘီရိုတွေ၊ စောင်တွေ၊ ခေါင်း အုံးတွေ အကျအန ပြသထားတယ်။

သဘောကတော့..

''ကျွန်တော်၊ ကျွန်မတို့လေ အဝတ်တွေကိုချွတ်ပြီး ဒီအထဲ ထည့်မှာ''

ဒါက ဘီရိုထားရခြင်းသဘော။

မင်္ဂလာခုတင်ကြီးမှာ လှဲလျောင်းပြီးသကာလ ပြုံးဖြီးဖြီးနဲ့

''ကျွန်တော်၊ကျွန်မတို့လေ ဟောဒီ ခုတင်ကြီးပေါ်မှာလေ၊ ဟီဟိ''

ကျွန်တော်ဆိုလိုတာက ဒီ ကိစ္စ တိုးတိုးတိတ်တိတ် လုပ်လို့ရ ပါတယ်။ ဟုတ်တယ်မဟုတ်လား။ ဒီခုတင်ကြီးမှာ ဆိုတာလည်း သိပါတယ်။ လူမသိသူမသိဆို ပို မကောင်းလားဗျာ။

ဥပမာဗျာ ရည်းစားထားလို့ လူသိရှင်ကြားဖြစ်သွားရင်တော့ ရှက်ကြတယ်။

ဒါမျိုးကျတော့ရော။

သူများတော့ မသိဘူး။ ကျွန် တော်တော့ ရှက်တယ်ဗျ။

ကဲ ဝါကျွတ်ပါပြီတဲ့။ သူ့ဘာ သာသူကျွတ်တာ ကျွတ်ပါစေ။ ကျွန်တော်နဲ့မဆိုင်ပါဘူး။

ကျွန်တော်နဲ့ဆိုင်တာက..

နေဦး၊ ဒီနှစ်လည်းကျွန်တော် ရှက်လိုက်ဦးမယ်ဗျာ..။

***